(၂) တပည့်မှာ သပိတ် သင်္ကန်း စသော ပရိက္ခရာမရှိ၍ ဥပဇ္ဈာယ်မှာ အပိုရှိလျှင် ထို သပိတ် သင်္ကန်းစသည်ကို ပေးခြင်းဖြင့် ချီးမြှောက်ရသည်။

(၃) ဥပဇ္ဈာယ်မှာ အပိုမရှိလျှင် "ဘယ်လိုနည်းဖြင့် တပည့်မှာ သပိတ် သင်္ကန်း ရပါ့မလဲ" ဟု ကြောင့်ကြစိုက်ရသည်။

(၄) တပည့် မကျန်းမမာဖြစ်သော အခါ၌ကား ဒန်ပူပေးခြင်း, မျက်နှာသစ်ရေပေးခြင်း, ယာဂုပေးခြင်း, တပည့်နေရာ၌ အမှိုက်ရှုပ်လျှင် တံမြက်လှည်းခြင်းစသော ဝတ်များကို (တပည့်က ဆရာ့အပေါ်၌ အမြဲပြုရသကဲ့သို့ ဆရာကလည်း တပည့်အပေါ်၌) ပြုရသည်။

---

## (၃) အာစရိယဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ...ဆရာ ၄-မျိုးအပေါ်၌ တပည့် ၄-မျိုးက ပြုရသောဝတ်ကို "အာစရိယဝတ်" ဟု ခေါ်၏ ဆရာ ၄-မျိုး ကား—

(၁) ရှင်ပြုတုန်းက သရဏဂုံပေးသော "ပဗ္ဗဇ္ဇာစရိယ=ရှင်ပြုပေးသော ဆရာ"။

(၂) ရဟန်းပြုတုန်းက ကမ္မဝါစာရွတ်ဘတ်သော "ဥပသမ္ပဒါစရိယ=ရဟန်းပြုပေးသော ဆရာ"။

(၃) စာချပေးသော "ဓမ္မာစရိယ"။

(၄) နိဿယည်းပေးသော "နိဿယာစရိယ" တို့တည်း။